## Seventeenth Sunday in Ordinary Time (July 27, 2014)

**1st READING:** ***1 Kings 3: 5, 7-12***

ဓမ္မရာဇဝင်တတိယစောင် ၃း၅နှင့် ၇မှ၁၂။

ထိုကာလ၌ သခင်ဘုရားသည်ဆော်လမွန်အား အိပ်မက်ထဲတွင်ထင်ရှားပြတော်မူ၍ "သင့်အားငါပေးစေလိုသောအရာကိုတောင်းလော့"ဟုမိန့်တော်မူ၏။ ဆော်လမွန်ကလည်း ကျွန်ုပ်၏အရှင်အိုဘုရားသခင်ကိုယ်တော်သည်ကိုယ်တော်၏ကျွန်အကျွန်ုပ်ကို ကျွန်ုပ်၏အဖဒါဝိဒ်၏အရိုက်အရာကို ဆက်ခံအုပ်ချုပ်စေတော်မူသည်။ သို့ရာတွင်ကျွန်ုပ်သည် ငယ်ရွယ်သူဖြစ်၍ဦးစီးရှေ့ဆောင်ပြုရန်မကျွမ်းကျင်ပါ။ ကိုယ်တော်ရွေးတော်မူခဲ့သော မရေမတွက်နိုင်အောင်များပြားလှသည့်ကိုယ်တော်၏လူမျိုးထဲတွင်နေထိုင်ရပါသည်။ ထို့ကြောင့်ကိုယ်တော်၏ ကျွန်အားအကောင်းအဆိုးကိုခွဲခြားနိုင်၍ ကိုယ်တော်၏လူမျိုး ကိုတရားစီရင်နိုင်သော၊ နားခံတတ်သောနှလုံးသားကိုပေးသနားတော်မူပါ။ အကြောင်းမူကား ထိုမျှများပြားလှသော ကိုယ်တော်၏ လူမျိုးကိုမည်သူသည် တရားစီရင်အုပ်ချုပ်နိုင်ပါမည်နည်းဟုတောင်းဆိုလေ၏။ ဆော်လမွန်သည် ဤကဲ့သို့သော အရာကိုတောင်းဆိုသောကြောင့်သခင်ဘုရားသည် နှစ်သက်တော်မူ၏။ ဘုရားသခင်သည် ဆော်လမွန် အားမိန့်တော်မူသည်ကား သင်သည်သင့်အဖို့အသက်ရှည်ခြင်းကိုလည်းကောင်း၊ စီးပွားချမ်းသာကိုလည်းကောင်း၊ သင့်ရန်သူတို့၏အသက်ကိုသော်လည်းကောင်း၊ မတောင်းဆိုဘဲဆင်ခြင်သုံးသပ်တရားစီရင်ရန်ဉာဏ်ပညာကိုတောင်းဆိုလေပြီ။ ထို့ကြောင့်သင်တောင်းဆိုသည့်အတိုင်း ငါပြုလုပ်ဆောင်ရွက်၍သင့်အားဉာဏ်ပညာနှင့် ပြည့်စုံသောနှလုံးသားကို ငါပေးပြီ။ ရှေးကာလ၌မည်သူတစ်ဦးတစ်ယောက်မျှ သင်နှင့်တူသောသူမပေါ်ထွန်းခဲ့။ နောင်ကာလ၌လည်း ပေါ်ထွန်းလိမ့်မည်မဟုတ်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

## Responsorial Psalm  Psalm  119: 57, 72, 76-77, 127-128, 129-130

ဆာလံ– ၁၁၉။

*သံပြိုင်- အိုသခင်ကိုယ်တော်၏ပညတ်တော်ကို ကျွန်ုပ်ချစ်မြတ်နိုးပါ၏။*

ဘုရားသခင်သည် ကျွန်ုပ်၏အမွေအနှစ်ဖြစ်တော်မူ၏။ ကိုယ်တော်၏နှုတ်ကပါဌ်တရားတော်ကို စောင့်ရှောက်ထိန်းသိမ်းရန် အဓိဋ္ဌာန်ပြုပါ၏။ ကိုယ်တော်၏ နှုတ်ကပါဌ်တရားတော်သည် ကျွန်ုပ်အဖို့ရွှေ ငွေများထက် အဆပေါင်းများစွာ ကောင်းမြတ်ပေ၏။ (သံပြိုင်)

ကိုယ်တော်၏ကတိတော်မြတ်အတိုင်း ကိုယ်တော်၏ကရုဏာတော်သည် ကိုယ်တော်၏ကျွန်ကျွန်ုပ်အား နှစ်သိမ့်စေ တော်မူပါ။ ကိုယ်တော်၏မေတ္တာကရုဏာတို့သည် ကျွန်ုပ်အပေါ် သို့သက်ရောက်သဖြင့် ကျွန်ုပ်အသက် ရှင်ရပါလိမ့်မည်။ အကြောင်းမူကား ကိုယ်တော်၏ပညတ်တရားတော်သည် ကျွန်ုပ်အဖို့နှစ်သက်စရာဖြစ်ပါ၏။ (သံပြိုင်)။

ထို့ကြောင့်ကိုယ်တော်၏ပညတ်တော်တို့ကို ရွှေ၊ ငွေမက ချစ်မြတ်နိုးပါသည်။ ထို့ကြောင့်ကိုယ်တော်၏ ပညတ်တရား တော်များကို လိုက်နာ၍လွဲမှားသောလမ်းစဉ်ဟူသမျှကို ကျွန်ုပ်မုန်းတီးပါ၏။ (သံပြိုင်)။

ကိုယ်တော်၏သက်သေခံချက်တို့သည် အံ့ဩဖွယ်ကောင်းလှပေ၏။ ထို့ကြောင့်ကျွန်ုပ်သည်ထိုအရာများ ကို ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါပြီ။ ကိုယ်တော်၏တရားတော်ကိုနှစ်သက်ခြင်းသည် အလင်းကိုပေးတော်မူ၍ လူငယ်တို့အားဉာဏ် ပညာကိုပေးတော်မူသည်။ (သံပြိုင်)

## 2nd READING: Romans 8: 28-30

*မွန်မြတ်သောတပည့်တော်ကြီး သံပေါလုးရောမားမြို့သားတို့ထံရေးသောစာ။ (၈၊ ၂၈မှ၃၀ အထိ)*

ညီအစ်ကိုတို့၊

ဘုရားသခင်ရည်မှန်းတော်မူသည့်အတိုင်း ခေါ်တော်မူခြင်းခံရ၍ ကိုယ်တော်ကိုချစ်သူတို့အဖို့ အရာခပ်သိမ်းတို့သည် အကောင်းချည်းသာဖြစ်သည်ဟု ကျွန်ုပ်တို့အသိပင်ဖြစ်ကြသည်။ ဘုရားသခင်သည် မိမိသားတော်ကိုညီအစ်ကိုတို့တွင် သားဦးဖြစ်စေခြင်းငှာ၊ ကြိုတင်သိထားသောသူတို့အား မိမိသားတော်နှင့် အသွင်သဏ္ဍာန်တူစေရန် ကြိုတင်သတ်မှတ်တော်မူခဲ့သည်။ ကိုယ်တော်သည် မိမိကြိုတင်သတ်မှတ်တော်မူခဲ့သော သူတို့ကိုခေါ်တော်မူသည်။ ခေါ်တော်မူသောသူတို့အား ဖြောင့်မတ်ခြင်းကျေးဇူးတော်ကိုပေးတော်မူသည်။ ဖြောင့်မတ်ခြင်း ကျေးဇူးတော်ကိုခံယူရသောသူတို့အားလည်း ဂုဏ်ပြုချီးမြှောက်တော်မူသည်။

***ဤသည်ကားဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။***

**GOSPEL:** *Matthew 13: 44-52*

*သံမာတေဦးရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၃၊၄၄မှ၅၂)။*

ထိုကာလ၌သခင်ယေရှုသည် ပရိသတ်တို့အား ဤသို့အမိန့်တော်ရှိသည်။ ကောင်းကင်နိုင်ငံတော်သည် လယ်မြေ၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကိုတွေ့သောသူသည် ဝှက်ထားခဲ့၍ဝမ်းသာအားရခြင်းနှင့် သွားပြီးလျှင်မိမိ၌ရှိသမျှကိုရောင်း၍ ထိုလယ်မြေကိုဝယ်၏တစ်ဖန်ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲများကိုရှာသောကုန်သည်နှင့်တူ၏။ အဖိုးထိုက်သောပုလဲတစ်လုံးကိုတွေ့သောအခါသွား၍ မိမိ၌ရှိသမျှတို့ကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏။ တစ်ဖန်တုံ၊ ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ချ၍ငါးအမျိုးမျိုးတို့ကိုစုသိမ်းသော ပိုက်ကွန်နှင့်တူ၏။ အပြည့်ရှိသောအခါဆွဲတင်ကြ၍ ကမ်းနားမှာထိုင်လျက် အကောင်းကိုအိုးခွက်တို့၌ရွေးချယ်ထား၏။ မကောင်းတို့ကိုမူကားပြင်သို့ပစ်လိုက်ကြ၏။ ကမ္ဘာကုန်သောအခါ ဤကဲ့သို့ဖြစ်လိမ့်မည်။ ကောင်းကင်တမန်တော်တို့သည်ထွက်လာ၍ မကောင်းသောသူတို့ကို ဖြောင့်မတ်သောသူတို့မှခွဲခွာထား၍ မီးဖို၌ချလိမ့်မည်။ ထိုနေရာမှာငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိလိမ့်မည်။ ဤအရာအားလုံးတို့ကိုသင်တို့သည် နားလည်ကြ၏လောဟုမေးတော်မူလျှင် သူတို့ကနားလည်ပါပြီဟု ကိုယ်တော်အားလျှောက်ကြ၏။ ကိုယ်တော်ကလည်း သို့ဖြစ်၍ကောင်းကင်နိုင်ငံတော်ကို လိမ္မာတတ်မြောက်သောကျမ်းဆရာမည်သည်ကား၊ မိမိဘဏ္ဍာထဲကအသစ်နှင့် အဟောင်းတို့ကိုထုတ်ဖော်သော အိမ်ရှင်နှင့်တူ၏ဟုမိန့်တော်မူသည်။

*ဤသည်ကားဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*